အားကိုးရာမဲ့ပုံကို ငဲ့တော်မူသောကြောင့် ဖြစ်၏၊ ယခုကာလ၌ကား ဤ ခွင့်ပြုတော်မူချက်အရ အရွယ်ကို ပမာဏ မထားတော့ဘဲ ရှင်ပြုလေ့ ရှိကြ၏၊ သို့သော် အရှင်အာနန္ဒာကဲ့သို့ ဆရာကောင်း ဖြစ်သူတို့က အမြဲ ကြည့်ရှုနိုင်မှ ရှင်ပြုရကျိုးနပ်ပေလိမ့်မည်၊ ထိုသို့ မကြည့်ရှုနိုင်လျှင်ရင်း, ကြည့်ရှုနိုင်သော်လည်း ကိုရင်ကလေးက မလိုက်နာလျှင်ရင်း ယခုပြမည့် ရှင်ကျင့်ဝတ်နှင့် ပြဒါး တလမ်း သံ တလမ်း ဖြစ်ဘွယ်ရှိရကား မိမိသားငယ် တပည့်ငယ်များကို လောကဓမ္မ မနစ်နာရအောင် (သနားစဘွယ် ငယ်လွန်းသောကလေးများကို ကျောင်းသားဖိုးသူတော်အဖြစ်ဖြင့် ထိန်းသိမ်းထား၍) ရှင်ကျင့်ဝတ်အတိုင်း နေနိုင်လောက်မှသာ ရှင်ပြုပေးသင့်ကြပါသည်၊ ဤသို့ တိုက်တွန်းရခြင်း အကြောင်းကို အောက်ပါအချက်များဖြင့် ရှင်းပြပါဦးမည်။

၁။ လွတ်လပ်ပြီးသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ဝယ် ဌာနတိုင်း၌ စံနစ်တကျရှိအောင် ရှေးဦးစွာ ထူထောင်ပြီးလျှင် စံနစ်တကျရှိပြီးသော ဌာနကိုလည်း ဆင့်တက်တိုးပွါးအောင် ကြိုးစားဘို့ အရေးကြီးပါသည်၊ ထို ဌာနပေါင်း များစွာတို့တွင် ဗုဒ္ဓမြတ်စွာ၏ သာသနာရေးဌာနလည်း အပါအဝင် ဖြစ်၏၊ ဤဌာနကို စံနစ်တကျ ဖြစ်စေပြီးနောက် တိုးတက်အောင် ပြုပြင်နိုင်ပါလျှင် နိုင်ငံတော်မှာ လွန်စွာ ကျေးဇူးများသော အထွတ်အထိပ်ဌာန ဖြစ်နိုင်ပါသည်။